# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# အမျိုးသားညီညွတ်ရေးအစိုးရ
# သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန
# ပြည်ထောင်စုဝန်ကြီးရုံး

## သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနအောက်ရှိ CDM သူရဲကောင်းများအား ပြည်ထောင်စုဝန်ကြီး ဒေါက်တာတူးခေါင်၏ ကျေးဇူးတင်ဂုဏ်ပြုလွှာ

၂၀၂၁ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်နေ့တွင် စစ်ကောင်စီမှ နိုင်ငံတော်အာဏာ သိမ်းယူပြီးနောက် သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနအောက်ရှိ ဝန်ထမ်းများသည် စစ်ကောင်စီ၏ အုပ်ချုပ်မှုအား ဆန့်ကျင်သည့် အနေဖြင့် ဖဲကြိုးနီ၊ CDM Campaign ပါဝင်ခြင်းနှင့် လမ်းပေါ်ထွက် ဆန္ဒဖော်ထုတ်ခြင်းတို့ ပြုလုပ်ခဲ့သည့်အတွက် မိမိအနေဖြင့် အထူးပင် ဝမ်းမြောက်မိပါသည်။

CDM Campaign တွင် ပါဝင်ကာ မိမိတို့ တာဝန်ထမ်းဆောင်နေကြသော ဌာနများထံမှ ယာယီရပ်ဆိုင်းခံရခြင်း၊ ရာထူးမှ တာဝန်မှထုတ်ပယ်ခံရခြင်း၊ ဝန်ထမ်းအဖြစ်မှ ထုတ်ပစ်ခံရခြင်းတို့ ရင်ဆိုင်ကြုံတွေ့နေရသည့်အပြင် ပြည်သူ့အစိုးရ NUGမှ ၂၀၂၁-ခုနှစ်၊ မတ်လ (၈)ရက်နေ့တွင် အမိန့်ကြေညာစာအမှတ် ၁/၂၀၂၁ဖြင့် ဂုဏ်ပြုချီးမြှင့်ထားသော ၂လစာချီးမြှင့်ငွေများအား အဓမ္မတောင်းခံနေရကြောင်းနှင့် ပညာသင်လျော်ကြေးများ တောင်းခံနေရကြောင်း ကြားသိနေရပါသည်။

CDM ဝန်ထမ်းများသည် မိမိတို့၏ လူမှုရေး၊ ကျန်းမာရေးနှင့် ကိုယ်ရေး ကိုယ်တာကိစ္စရပ်များကို ပဓါနမထားဘဲ ပြည်သူ့အစိုးရနှင့် ပြည်သူတို့၏ အကျိုးစီးပွားကိုသာ ဦးစားပေးဆောင်ရွက်နေသောကြောင့် မိမိအနေဖြင့် ထိုကဲ့သို့ ဓမ္မဘက် ရပ်တည်သည့် ဝန်ထမ်းများအား အထူးပင် လေးစားပါကြောင်းနှင့် ပြည်သူ့အစိုးရမှ ဝန်ထမ်းများအဖြစ် ဆက်လက်အသိအမှတ်ပြုမည့်အပြင် ပြည်သူ့ဝန်ထမ်းကောင်းများအဖြစ် မှတ်တမ်းတင်ဂုဏ်ပြုသွားမည် ဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။

(ဒေါက်တာတူးခေါင်)
ပြည်ထောင်စုဝန်ကြီး
သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန
အမျိုးသားညီညွတ်ရေးအစိုးရ